# ဓမ္မခန္ဓာ (၂၂) ဒုလ္လဘရဟန်းခံခြင်း (အလ် ဟာ့ဂ်ျ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၁၀၃၊ သုတ်ဒေသနာ ၇၈ ပါး။

**ဟာ့ဂ်ျအား ဒုလ္လဘရဟန်းခံခြင်းဟု ပြန်ဆိုသည်ကို ၂း၁၅၈ တွင် ကြည့်ပါ။**

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّهِ الرَّحْمَـــنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **يَا أَيُّهَا النَّاسُ اتَّقُوا رَبَّكُمْ إِنَّ زَلْزَلَةَ السَّاعَةِ شَيْءٌ عَظِيمٌ ۞**<br>အို လူသားတို့၊ သင်တို့၏ ကံကြမ္မာရှင်အား စည်းစောင့်ကြလော့။ ကေန်ပင် တုန်လှုပ်ခြင်း အချိန်နာရီသည် ကြီးမားသော အရာတစ်ခု ဖြစ်၏။[၇၁၂] |
| ၂။ | **يَوْمَ تَرَوْنَهَا تَذْهَلُ كُلُّ مُرْضِعَةٍ عَمَّا أَرْضَعَتْ وَتَضَعُ كُلُّ ذَاتِ حَمْلٍ حَمْلَهَا وَتَرَى النَّاسَ سُكَارَى وَمَا هُم بِسُكَارَى وَلَكِنَّ عَذَابَ اللَّهِ شَدِيدٌ ۞**<br>၎င်းကို မြင်တွေ့ရသော နေ့ကာလ၌ နို့တိုက်မိခင်သည် သူ၏ နို့တိုက်ခြင်းကို မေ့နေလျှက်၊ ကိုယ်ဝန်ဆောင် ကိုယ်စီတို့သည် သူမဆောင်သော ကိုယ်ဝန်မှာ ပြုတ်ကျလတ္တံ့။ လူသားတို့သည် ယစ်မူးနေသည်ကို သင်မြင်ရလိမ့်မည်၊ သူတို့သည် မူးနေကြသည် မဟုတ်ချေ။ သို့ရာတွင် ပရမတ်ဘုရား၏ ဝဋ်ကြွေးသည် ပြတ်သားလှ၏။ |
| ၃။<br>☆<br>၂း၁၄ | **وَمِنَ النَّاسِ مَن يُجَادِلُ فِي اللَّهِ بِغَيْرِ عِلْمٍ وَيَتَّبِعُ كُلَّ شَيْطَانٍ مَّرِيدٍ ۞**<br>လူတို့အနက်– အသိတရားမရှိဘဲ ပရမတ်ဘုရားရှင်နှင့် စပ်လျှဉ်း၍ စောဒကတက်ကြလျှက်၊ သောင်းကျန်းသော မကောင်းဆိုးဝါးသို့[☆] ကိုယ်စီကိုယ်ငှ လိုက်နာကြလတ္တံ့။ |
| ၄။ | **كُتِبَ عَلَيْهِ أَنَّهُ مَن تَوَلَّاهُ فَأَنَّهُ يُضِلُّهُ وَيَهْدِيهِ إِلَى عَذَابِ السَّعِيرِ ۞**<br>သူ့အကြောင်းကို ရေးမှတ်ထားသည်မှာ၊ ကေန်ပင် သူ့အား မည်သူက ကွပ်ကဲသူ ခန့်သည်၊ သူက ၎င်းအား လမ်းလွဲစေ၍၊ လောင်ကျွမ်းခြင်း ဝဋ်ကြွေးထဲသို့ လမ်းညွှန်လေသည်– ဟု ဖြစ်၏။ |
| ၅။ | **يَا أَيُّهَا النَّاسُ إِن كُنتُمْ فِي رَيْبٍ مِّنَ الْبَعْثِ فَإِنَّا خَلَقْنَاكُم مِّن تُرَابٍ ثُمَّ مِن نُّطْفَةٍ ثُمَّ مِنْ عَلَقَةٍ ثُمَّ مِن مُّضْغَةٍ مُّخَلَّقَةٍ وَغَيْرِ مُخَلَّقَةٍ لِّنُبَيِّنَ لَكُمْ وَنُقِرُّ فِي الْأَرْحَامِ مَا نَشَاءُ إِلَى أَجَلٍ مُّسَمًّى ثُمَّ نُخْرِجُكُمْ طِفْلًا ثُمَّ لِتَبْلُغُوا أَشُدَّكُمْ وَمِنكُم مَّن يُتَوَفَّى وَمِنكُم مَّن يُرَدُّ إِلَى أَرْذَلِ الْعُمُرِ لِكَيْلَا يَعْلَمَ مِن بَعْدِ عِلْمٍ شَيْئًا وَتَرَى الْأَرْضَ هَامِدَةً فَإِذَا أَنزَلْنَا عَلَيْهَا الْمَاءَ اهْتَزَّتْ وَرَبَتْ وَأَنبَتَتْ مِن كُلِّ زَوْجٍ بَهِيجٍ ۞** |

(၇၁၂)ဤသုတ်တော်တွင် ဖော်ပြသော **ဇလ်ဇလတ ဆာအာတိ** ကို ဘာသာပြန်အများစုက လျှင်လှုပ်သော အချိန်ကြီးဟု ကမ္ဘာ့နောက်ဆုံးနေ့ကို ရည်ညွှန်း၍ ပြန်ဆိုကြပေသည်။ ထိုစကားလုံး၏ မူရင်းအနက်မှာ "သူ့အား ပွက်လောရိုက်သော အခြေအနေသို့ တွန်းပို့သည်၊" ဟု ဖြစ်ပေသည်။ များသောအားဖြင့် စစ်ပွဲဖြစ်ရမည့် အခြေအနေတွင် စိတ်တုန်လှုပ်ရသော အချိန်၌ သုံးပေသည်။ ၃၃း၁၁ တွင် ဤစကားလုံးကို ဖော်ပြထားပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | အို လူသားတို့၊ သင်တို့သည် ရှင်ပြန်နိုးကြွရမည်ကို သံသယ၌ ရှိနေလျှင်၊ ကေန်ပင် ငါသည် သင်တို့အား မြေမှုန့်မှ၊ ထို့နောက် ရေကြည်ပေါက်မှ၊ ထို့နောက် သွေးခဲမှ၊ ဖြစ်တည်ပြီးသားနှင့် မဖြစ်တည်သေးသော အသားဖတ်မှ  ဖြစ်တည်စေခဲ့၏။ သင်တို့အတွင် ရှင်းလင်းစေအံ့ငှာ ဖြစ်၏။ ငါ၏ သတ်မှတ်ထားသော အချိန် စံချိန်ပြည့်သည် အထိ သားအိမ်တွင်း၌ တည်ရှိနေစေ၏။[၇၁၃] ထို့နောက် သင်တို့အား ကလေးငယ် ဘဝဖြင့် ထုတ်ယူတော်မူ၏၊ ထို့နောက် ပြတ်သားစွာ အရွယ်ရောက်စေတော်မူ၏။ သင်တို့မှ သေဆုံးသွားစေသူ ရှိ၏။ သင်တို့မှ သိခဲ့သည်များကို တစ်စုံတစ်ခုမှ မသိနိုင်တော့သည့် ချိနဲ့သော သက်တမ်းထိ ယူဆောင်ခံရသူ ရှိ၏။ တဖန် သင်သည် ခြောက်သွေ့သော မြေကမ္ဘာအား ဆင်ခြင်လော့၊ ထိုအပေါ်သို့ ငါသည် မိုးရေကို သွန်းချစေသောအခါ၊ ၎င်းသည် လှုပ်ရှား သောက်မြိုလျှက် ပန်းမာလ် ဖိုမစုံတွဲကိုယ်စီ ပေါက်ရောက်လာစေ၏။[၇၁၄] |
| ၆။ | **ذَلِكَ بِأَنَّ اللَّهَ هُوَ الْحَقُّ وَأَنَّهُ يُحْيِي الْمَوْتَى وَأَنَّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ ۝**<br>ယင်းမှာ ပရမတ်ဘုရားရှင်ကြောင့် ဖြစ်၏။ အရှင်သည် ပရမတ္ထ သစ္စာဖြစ်၏။ အရှင်သည် သက်မဲ့ကို သက်ရှိ ဖြစ်စေ၏။ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော် မူသတည်း။ |
| ၇။ | **وَأَنَّ السَّاعَةَ آتِيَةٌ لَّا رَيْبَ فِيهَا وَأَنَّ اللَّهَ يَبْعَثُ مَن فِي الْقُبُورِ ۝**<br>အချိန်နာရီသည် ပေးရောက်လာနေ၏။ ထို၌ သံသယဖြစ်ဘွယ်မရှိပြီ၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်္ချိုင်းတွင်းမှသူများကို နိုးကြွရှင်ပြန်စေတော်မူမည်။[၇၁၅] |
| ၈။ | **وَمِنَ النَّاسِ مَن يُجَادِلُ فِي اللَّهِ بِغَيْرِ عِلْمٍ وَلَا هُدًى وَلَا كِتَابٍ مُّنِيرٍ ۝**<br>လူတို့အနက်– အသိတရားမရှိ၊ လမ်းညွှန်ချက်မရှိ၊ တရားရောင်ဝါရှိသော ကျမ်းတော်လည်း မရှိဘဲလျှက် ပရမတ်ဘုရားရှင်နှင့် စပ်လျှဉ်း၍ စောဒကတက်၍– |
| ၉။ | **ثَانِيَ عِطْفِهِ لِيُضِلَّ عَن سَبِيلِ اللَّهِ لَهُ فِي الدُّنْيَا خِزْيٌ وَنُذِيقُهُ يَوْمَ الْقِيَامَةِ عَذَابَ الْحَرِيقِ ۝**<br>ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ လွဲဖယ်စေရန် ရန်ထောင် ခြေဦးလှည့်သူ ရှိ၏။ သူ့အဘို့ လောကီ၌ အရှက်ရစေ၍၊ |

---

**(၇၁၃)**ဤသုတ်တော်သည် လူသားတစ်ဦးမွေးဘွား ဖြစ်တည်လာခြင်း၏ ပဋိသန္ဓေဘဝ အဆင့်ဆင့်ကိုဖေါ်ပြခြင်း ဖြစ်ပေသည်။ ယခုခေတ်အခါတွင် ဆေးပညာရပ်၌ ဤနိယာမကို အသိအမှတ်ပြု သက်သေခံပြီးသား ဖြစ်သည့်အတွက် အထူးရှင်းနေရန် မလိုပေ။ သို့သော် ကျွန်ုပ်တို့အနေဖြင့် ဆင်ခြင်သုံးသပ်ရမည်မှာ– ကျမ်းတော်တစ်အုပ်လုံးတွင် အာဒံအား စတင် ဖြစ်တည်လာခြင်းသည် **“တိုရာဘင်”** မြေမှုန့်မှ ဖြစ်သည်ဟု ဤနေရာတွင် ဖေါ်ပြသော စကားလုံးဖြင့် အတူတူပင် ဖေါ်ပြထားရာ– ထို မြေမှုန့် **“တိုရာဘင်”** သည်၊ ရေကြည်တစ်ပေါက် (ကာလာလရေကြည်)၊ သွေးခဲ၊ အသားတစ်– စသော အဆင့်များကို မဖြတ်သန်းဘဲ၊ သားအိမ်၏ အတွင်းတွင် မတည်ခဲ့ရဘဲ လူဖြစ်လာနိုင်သည့် နိယာမ  ဟူ၍ ကျမ်းတော်၌ ဖေါ်ပြမှု မရှိခြင်းပင်။

**(၇၁၄)** ဤသုတ်တော်တွင် “သေနေသော (ခြောက်သွေ့နေသော) မြေကို ရေအားဖြင့် အသက်ဝင် လှုပ်ရှားလာစေသည် **“အိဟ်တဇ်ဇတ်”** ဟု ဆိုထားပေသည်။ အလားတူပင် ၄၁း ၃၉ တွင်လည်း ဆိုထားပေသည်။ ကျမ်းတော်က သက်ရှိတိုင်းကို ရေမှ ဖြစ်တည်စေသည်ဟုလည်း ၂၁း၃၀ တွင် အတိအကျ ဆိုထားပြန်သည်။ ကျမ်းတော်သည် မြေကမ္ဘာပေါ်ရှိ အရာတိုင်းမှာ သက်ရှိဖြစ်ကြောင်းကို ဤသုတ်တော်ပါ ဖေါ်ပြထားသော နိယာမအားဖြင့် သက်သေပြလျှက်ရှိပေသည်။ ထို့ကြောင့် လူသားတစ်ဦး အနေဖြင့် လောက နိယာမ အလျှောက်၊ အခြားသက်ရှိများ၏ အသက်ကို မစတေးဘဲလျှက် လောက၌ ရှင်သန်နေ၍ မရပေ။ ထို့ကြောင့် သက်ရှိများကို သတ်ခြင်းမှ လုံးဝ ရှောင်ကြည်ရမည်ဟု ကျမ်းတော်၌ ပညတ်ထားခြင်း မရှိချေ။ လူသည် လူ့သဘာဝအလျှောက် နေရမည်သာ ဖြစ်သည်။ မဖြစ်နိုင်သော၊ ထိုသို့ ဟောသောသူအပါအဝင် လူသားအပေါင်း မရှောင်လွှဲနိုင်သော နိယာမအား နောက်လိုက် လူသားများအတွက် ပြဌာန်းခြင်းသည် ယုတ္တိဗေဒမဲ့သည့်အပြင်၊ ထိုသို့သော ပညတ်များကို စောင့်စည်းရမည့် သီလ အဖြစ် ပြဌာန်းလေသော်လည်း– လောက နိယာမနှင့်သက်ရှိတို့၏ သဘောတရား၌ ဗဟုသုတ မဲ့သောသူသည်သာ လိုက်နာနိုင်သည်ဟု မိမိကိုယ် မိမိလိမ်လည်၍ ထင်မြင်ပေတော့သည်။ အမှန်တကယ်တွင် သက်ရှိတို့၏ သဘောတရားကို ဗဟုသုတ ရှိလာလေလေ ထိုသီလမှာ မှားယွင်းလေလေ သို့မဟုတ် မူလ ဟောခဲ့သည်မှ အဓိပ္ပါယ်ကောက်ယူမှု လွဲမှားလေလေ ဖြစ်ကြောင်း သိမြင်လာပေမည်။ ကျမ်းတော်တွင် သက်ရှိများကို အကြောင်းမဲ့ မဖြုန်းတီးရ၊ မညှင်းပန်း မနှိပ်စက်ရ၊ ဘဝ ကို မသတ်ရဟုသာ တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍ တနည်း၊ ဥပမာများ ပြဆို၍ တဖုံ သွန်သင်ထားသည်ကိုသာ တွေ့ရပေသည်။

**(၇၁၅)**ကျမ်းတော်တွင် **“ဘအဆ”** ဆိုသည်မှာ နိုးကြားခြင်း။ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ တော်လှန်ရေး လုပ်ခြင်းကို ရည်ညွှန်းကြောင်း မကြာခဏ ပြော ဆိုပေသည်၊ ၇း၁၄ တွင်ကြည့်ပါ။ ဤသုတ်တော်မှ– “သင်္ချိုင်းတွင်းမှသူများ” ဆိုသည်မှာ နာမ်ပိုင်ဆိုင်ရာ သေနေသူများကိုသာ ဆိုလိုပေသည်။ ထိုအကြောင်းအရာကို ၃၅း၂၂ တွင် ပေါ်ပြထားပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ☆<br>၂း၁၇၄ | ရပ်တည်မြဲမြဲရမည့်နေ့၌☆ ရှဲရှဲတောက်လောင်ခြင်း ဝဋ်ကြွေးကို မြည်းစမ်းစေလတ္တံ့။ |
| ၁၀။ | ذَلِكَ بِمَا قَدَّمَتْ يَدَاكَ وَأَنَّ اللَّهَ لَيْسَ بِظَلَّامٍ لِّلْعَبِيدِ ۞<br>ဤသည် တင်ကြိုပို့ထားနှင့်သော သူ့လက်ချက်ကြောင့်ပင် ဖြစ်၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များအား အဝိဇ္ဇာသင့်စေခြင်း အလျှင်း မရှိချေ။[၇၁၆] |
| ၁၁။ | وَمِنَ النَّاسِ مَن يَعْبُدُ اللَّهَ عَلَى حَرْفٍ فَإِنْ أَصَابَهُ خَيْرٌ اطْمَأَنَّ بِهِ وَإِنْ أَصَابَتْهُ فِتْنَةٌ انقَلَبَ عَلَى وَجْهِهِ خَسِرَ الدُّنْيَا وَالْآخِرَةَ ذَلِكَ هُوَ الْخُسْرَانُ الْمُبِينُ ۞<br>လူတို့အနက် အစွန်း၌ရပ်လျှက် ပရမတ်ဘုရားရှင်အား ကိုးကွယ်ဆည်းကပ်သူ ရှိ၏။ သူ့အား ကောင်းကျိုး သက်သော်ထို၌ ဘဝင်ကျလျှက်၊ သူ့အား ကြပ်တည်းခြင်း ထိသက်သော် မျက်နှာလှည့် မျှော်ကိုး၏။ သူသည် ဤဘဝ နောင်ဘဝတွင် ဆုံးရှုံးရမည်ပင်။ ဤသည် ရှင်းလင်းသော ဆုံးရှုံးရခြင်း ဖြစ်၏။ |
| ၁၂။ | يَدْعُو مِن دُونِ اللَّهِ مَا لَا يَضُرُّهُ وَمَا لَا يَنفَعُهُ ذَلِكَ هُوَ الضَّلَالُ الْبَعِيدُ ۞<br>သူ့အား ဥပါဒ်ထိစေခြင်း၊ အကျိုးဖြစ်စေခြင်း မရှိသော၊ ပရမတ်ဘုရားရှင်နှင့် တုပြိုင်ရာထံ၌ ဆုတောင်း၏။ ဤသည် အဝေးဆုံးသော လမ်းလွဲမှုပေတည်း။ |
| ၁၃။ | يَدْعُو لَمَن ضَرُّهُ أَقْرَبُ مِن نَّفْعِهِ لَبِئْسَ الْمَوْلَى وَلَبِئْسَ الْعَشِيرُ ۞<br>သို့ ဆုတောင်းခြင်းမှာ ၎င်း၏ သူ့အတွက် အကျိုးကျေးဇူးထက် ဥပါဒ်သည် ပိုမိုနီးကပ်၏။ ၎င်းသည် ယုတ်ညံ့သော ကွပ်ကဲသူ၊ ယုတ်ညံ့မှု၌ တင်းပြည့်ကျပ်ပြည့်ပင် ဖြစ်၏။ |
| ၁၄။ | إِنَّ اللَّهَ يُدْخِلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ إِنَّ اللَّهَ يَفْعَلُ مَا يُرِيدُ ۞<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ပြုသူတို့အား အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံသို့ ဝင်ရောက်စေ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် အလိုတော်ရှိရာကို စီမံတော်မူ၏။ |
| ၁၅။ | مَن كَانَ يَظُنُّ أَن لَّن يَنصُرَهُ اللَّهُ فِي الدُّنْيَا وَالْآخِرَةِ فَلْيَمْدُدْ بِسَبَبٍ إِلَى السَّمَاءِ ثُمَّ لِيَقْطَعْ فَلْيَنظُرْ هَلْ يُذْهِبَنَّ كَيْدُهُ مَا يَغِيظُ ۞<br>ပရမတ်ဘုရားရှင်က သူ့အား လောကီ လောကုတ္တရာ၌ ကူညီတော်မူမည် မဟုတ်ဟု တွေးထင် သူရှိအံ့၊ သူ့အား ကောင်းကင်သို့ နှောင်ဖွဲ့ တိုးရွေ့စေလော့၊ တဖန် ဖြတ်တောက်စေလော့၊ သို့ဖြင့် သူသည် သူ့အား ဒေါသ ဖြစ်သော အရာအား သုတ်ယူပစ်နိုင်သလောဟု စောင့်ကြည့်စေလော့။[၇၁၇] |

(၇၁၆) **အာဗီးဒ်** ဆိုသည်မှာ **“အီဗာဒတ်”** ကိုးကွယ်သည်။ အမှုတော်ထမ်းဆောင်သည်၊ ဟူသော စကားမှ ဖြစ်၍၊ လောက၌ ရှိသော အရာ အားလုံးသည် အရှင်၏ ပြဋ္ဌာန်းချက် လောကနိယာမထဲတွင် နာမ်ပိုင်း။ စိတ်ပိုင်းဆိုင်ရာ လိုက်နာသည်ဖြစ်စေ။ မလိုက်နာသည် ဖြစ်စေ– ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လိုက်နာနေရသည် ဖြစ်၍ လောက၌ ရှိသမျှသော အရာအားလုံးကို အရှင့်မှုတော်ဆောင်များဟု ကျမ်းတော်က ခေါ်ဆိုပေသည်။ အရှင်သည် မည်သည့်အရာကိုမှ အဝိဇ္ဇာစီး။ အမိုက်စီး။ မတရားစီရင်စေခြင်း မရှိပေ။ ဖြစ်လာသမျှသော ကောင်းကျိုးဆိုးကျိုးများသည် ထိုသူ၏၊ ထိုအရာ၏ လက်ချက်များကြောင့်သာ ဖြစ်ရပေသည်။ ထိုသို့အဝိဇ္ဇာသင့်နေသော သတ္တဝါအပေါင်းအား တရားအလင်းသို့– သို့မဟုတ် မိမိ၏ မူလဇစ်မြစ်အဖြူထည်ဘဝသို့ ပြန်လည် ရောက်စေခြင်းငှာ တရားအလင်းဆောင်သည့် ဉာဏ်စဉ်တော်ဆောင်။ သတင်းတော်ဆောင်များကို ခေတ်အဆက်ဆက် ပွင့်ပေါ်စေစား၍ လူသားအပေါင်းအား ပရမတ်ဘုရားရှင်က ကရုဏာပွားလျှက်သာ ရှိပေသည်။

(၇၁၇) ဤသုတ်တော်တွင် နှောင်ဖွဲ့သည်ဟူသော ဝေါဟာရမှာ **“ဆဘားဘင်”** ကို ပြန်ဆိုခြင်း ဖြစ်၍၊ ၂း၁၆၆။ ၆း၁၀၈။ ၁၈း၈၄၊၈၅၊၈၉၊၉၂။ ၃၈း၁၀။ ၄၀း၃၆၊၃၇ တို့တွင် ဖေါ်ပြထားပြီး ကြိုးတစ်ခုခဲ့သို့ ဖွဲ့နှောင်သောအရာ၊ မဟာမိတ်စည်းကမ်းဖြင့် ဖွဲ့နှောင်သော အရာ၊ ဆွဲအားတစ်ခုဖြင့် ဖွဲ့နှောင်သော အရာကို ဆိုလိုပေသည်။ ဤသုတ်တော်၏ ဆိုလိုခြင်းမှာ ဆွဲအားအတွင်းမှ မလွတ်ကင်းနိုင်သော ကောင်းကင် အာကာသထဲသို့ သွားရန် ကြံစည်သော် သူသည် မိရိုးဖလာထက် ထူးကဲသော ဉာဏ်ကို ပိုင်ဆိုင်ရမည် ဖြစ်သည်။ ထိုအခါ ဉာဏ်စဉ်၏ သဘောတရားကို နားလည်လာပြီး ဉာဏ်စဉ်၏ ဇစ်မြစ်တော်အရှင်အား သိလာနိုင်ဘွယ်ရှိသည်။ ထိုအခါ သူသည် မိရိုးဖလာ အစွဲများကို ဖြတ်တောက် ဖြစ်ရမည် ဖြစ်သည်၊ သို့မဟုတ်က

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၁၆။ | **وَكَذَٰلِكَ أَنزَلْنَاهُ آيَاتٍ بَيِّنَاتٍ وَأَنَّ اللَّهَ يَهْدِي مَن يُرِيدُ۞**<br>ဤသို့၊ ငါသည် ၎င်းကို ရှင်းလင်းသော နိမိတ်လက္ခဏာများဖြင့် ချမှတ်ပေးတော်မူ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် အလိုတော်ရှိသူတို့အား လမ်းညွှန်တော်မူ၏။ |
| ၁၇။ | **إِنَّ الَّذِينَ آمَنُوا وَالَّذِينَ هَادُوا وَالصَّابِئِينَ وَالنَّصَارَىٰ وَالْمَجُوسَ وَالَّذِينَ أَشْرَكُوا إِنَّ اللَّهَ يَفْصِلُ بَيْنَهُمْ يَوْمَ الْقِيَامَةِ إِنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ۞**<br>ကေန်ပင် ယုံကြည်သူများ၊ ရေဝတီများ၊ ရေသန့်အယူရှိသူများ၊ ခရစ်ယာန်များ၊ မဂျူစီများ၊ ရောပြွန်းကိုးကွယ်သူများ။ ရပ်တည်မြဲမြံရမည့် နေ့ကာလတွင် ပရမတ်ဘုရားရှင်သည် သူတို့၏ကြား၌ ကေန်ပင် အဖြေမှန်ပေးတော်မူမည်။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအတွက် သက်သေသက်ကန်ဖြစ်၏။[၇၁၈] |
| ၁၈။ | **أَلَمْ تَرَ أَنَّ اللَّهَ يَسْجُدُ لَهُ مَن فِي السَّمَاوَاتِ وَمَن فِي الْأَرْضِ وَالشَّمْسُ وَالْقَمَرُ وَالنُّجُومُ وَالْجِبَالُ وَالشَّجَرُ وَالدَّوَابُّ وَكَثِيرٌ مِّنَ النَّاسِ وَكَثِيرٌ حَقَّ عَلَيْهِ الْعَذَابُ وَمَن يُهِنِ اللَّهُ فَمَا لَهُ مِن مُّكْرِمٍ إِنَّ اللَّهَ يَفْعَلُ مَا يَشَاءُ۞**<br>ကေန်ပင် မိုးများအတွင်း၊ မြေအတွင်း၊ နေ၊ လ၊ ကြယ်တာရာများ၊ တောတောင်များ၊ သစ်ပင်များ၊ သတ္တဝါအပေါင်းနှင့် လူသားပေါင်းများစွာသည် ပရမတ်ဘုရားရှင်အား ဦးချရှိကိုးနေကြသည်ကို သင် မမြင်တွေ့သလော။ ကျန်များစွာမှာလည်း ဝဋ်ကြွေးဒဏ် အမှန်အကန်သင့်ရ၏။ ပရမတ်ဘုရားရှင်က မသတီဘွယ် သတ်မှတ်သောသူ၊ ထိုသူအား ကျက်သရေဆောင်းပေးနိုင်သူ မရှိချေ။ ကေန်ပင် ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီသည့်အရာအား စီမံတော်မူပေ၏။ |
| ၁၉။ | **هَٰذَانِ خَصْمَانِ اخْتَصَمُوا فِي رَبِّهِمْ فَالَّذِينَ كَفَرُوا قُطِّعَتْ لَهُمْ ثِيَابٌ مِّن نَّارٍ يُصَبُّ مِن فَوْقِ رُءُوسِهِمُ الْحَمِيمُ۞**<br>ဤတွင်၊ သူတို့၏ ကံကြမ္မာရှင်နှင့် စပ်လျဉ်း၍ အချေအတင် ဖြစ်နေသော အချေအတင်အုပ်စုနှစ်ခု ရှိ၏။ ဖုံးကွယ်သောသူ၊ ထိုသူတို့အတွက် မီးသား အထည်စကို ညှပ်ပြီ။ ရည်ပူပွက်ပွက်ကိုလည်း သူတို့ ဦးခေါင်းပေါ်မှ လောင်းချလတ္တံ့။ |
| ၂၀။ | **يُصْهَرُ بِهِ مَا فِي بُطُونِهِمْ وَالْجُلُودُ۞**<br>သူတို့ ဝမ်းတွင်းနှင့် အရေပြားများကို အရည် ပျော်ကျစေလတ္တံ့။ |

---

သူ့အား မိရိုးဖလာများမှ ဖြတ်တောက်ပစ်သည်ကို ခံရပေလိမ့်မည်၊ သူသည် မိရိုးဖလာပတ်ဝန်းကျင်နှင့် ဝိရောဓိသာ ဖြစ်လျှက် ကရုဏာဒေါသ၊ လူသားများကို ပြောဆိုရှင်းပြ၍ မရနိုင်သောကြောင့် မိမိကိုယ်မိမိ ဖြစ်ရသော ဒေါသများမှ ကင်းရန်မှာ မလွယ်ကူလှချေ၊ ဟု ဖြစ်ပေသည်။ ယခုအခါ သီအိုရီ တစ်ခုအား တွေ့ရှိလေသော ပညာရှင်တိုင်းသည် ဤဒုက္ခကို ခံနေရသည်ပင်။

**(၇၁၈)** မဂျူစီများ ဆိုသည်မှာ– မီးကို ပူဇော်ပသ ကိုးကွယ်သော သာသနာ အယူဝါဒကိုခေါ်ဆိုပေသည်။ ရေသန့်အယူရှိသူများ ဆိုသည်ကို ၂း၆၂ တွင်ကြည့်ပါ။ ဤသုတ်တော်၌ ထူးခြားသည်မှာ ရောပြွန်းကိုးကွယ်သူများကို ဘာသာ အုပ်စု တစ်ခုအတွင်းတွင် ထည့်၍ သတ်မှတ်ပေးထားပေသည်။ ရောပြွန်းကိုးကွယ်သူများကို ဆရာတော်ကြီးများက ရုပ်ပွားဆင်းတု ကိုးကွယ်သူများဟု မကြာခဏ ပြန်ဆိုကြပေသည်။ ထိုကဲ့သို့သော လူများသည် ဘာသာ၊ သာသနာတိုင်းတွင် ရှိနေပေသည်။ ထိုစကားလုံး **"မုရှရီးက်ခ်"** ဟု တိုက်ရိုက် အဓိပ္ပါယ်မှာ "တစ်စုံတစ်ခုအား၊ တစ်စုံတစ်ရာဖြင့် ထပ်မံပေါင်းစပ်ခြင်း။ ပေါင်းဘက်ခြင်း။ အစုစပ်ရှယ်ယာ လုပ်ခြင်း၊" များကို ဆိုလိုပေသည်။ ဤသုတ်တော်တွင် ကမ္ဘာ့ဘာသာကြီးအားလုံးကို ညွှန်းသည့်အနေဖြင့်၊ အစ္စလာမ် (ယုံကြည်သူများ)၊ ရေဝတီ (ဂျူးများ)၊ ခရစ်ယာန်၊ မဂျူစီ (မီးကိုးကွယ်သူများ၊ သို့မဟုတ် မီးကို ပူဇော်ပသရာအဖြစ် သာသနာတော်၏ အထိမ်းအမှတ်တွင် မီး၊ ဖရောင်းတိုင်၊ ဆီမီး စသည်တို့ကို အထွဋ်အခန်းကဏ္ဍ၌ ထားတတ်သူများ)၊ ရေသန့်အယူ ရှိသူများကို ဖေါ်ပြထားပြီးဖြစ်၍၊ ရောပြွန်းကိုးကွယ်သူများ ဆိုသည်မှာ – ထိုသာသနာ အတွင်းတွင်မှ– ဘုရားကိုလည်း ကိုးကွယ်၍– အခြားကောင်းနိုးရာရာများကိုလည်း လိုက်နာဆောင်ရွက် ပူဇော်ပသ၊ ကိုးကွယ်ဆည်းကပ်လေ့ ရှိသော သူများကို ဆိုလိုပေသည်။ မျိုးဆက် တစ်ဆက်ပြောင်းတိုင်းမည်သည့် အယူဝါဒသည် လူ့လောကနှင့် အံဝင်ဂွင်ကျ ရှိသည် ဆိုခြင်းမှာ အဖြေတစ်ရပ်အနေဖြင့် ထွက်လာလိမ့်မည်ဟု ဆိုလိုပေသည်။ (ရပ်တည်မြဲမြံသော နေ့ကာလ ဆိုသည်ကို ၂း၁၇၄ တွင် ကြည့်ပါ၊)။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၂၁။ | **وَلَهُم مَّقَامِعُ مِنْ حَدِيدٍ** ۞<br>သူတို့အတွက် သံ ခြေကျင်းသည် ရှိနေ၏။ |
| ၂၂။ | **كُلَّمَا أَرَادُوا أَن يَخْرُجُوا مِنْهَا مِنْ غَمٍّ أُعِيدُوا فِيهَا وَذُوقُوا عَذَابَ الْحَرِيقِ** ۞<br>ထိုမှ၊ အပူထဲမှ ထွက်မြောက် လိုကြသော အခါတိုင်း၊ ထိုအထဲ၌ ဆက်လက်ရှိစေလျှက်၊ ရှဲရှဲတောက်နေသော ဝဋ်ကြွေး အား မြည်းစမ်းစေမည်။ |
| ၂၃။ | **إِنَّ اللَّهَ يُدْخِلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ يُحَلَّوْنَ فِيهَا مِنْ أَسَاوِرَ مِن ذَهَبٍ وَلُؤْلُؤًا وَلِبَاسُهُمْ فِيهَا حَرِيرٌ** ۞<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် ယုံကြည်လျှက် ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ဆောင်သူတို့အား အောက်ခင်း၌ စိမ့် စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံသို့ ဝင်ရောက်စေမည်ပင်။ ထို၌ သူတို့အား ရွှေသား ပုလဲတို့ဖြင့် ဆင်မြန်း ပေးမည်။ ထို၌ သူတို့အား ပိုးဖဲကတ္တီပါတို့ကို ဝတ်ဆင်စေမည်ပင်။ |
| ၂၄။ | **وَهُدُوا إِلَى الطَّيِّبِ مِنَ الْقَوْلِ وَهُدُوا إِلَى صِرَاطِ الْحَمِيدِ** ۞<br>သူတို့အား စင်ကြယ်သော အဆိုအမိန့်များဆီသို့ လမ်းညွှန်ခံရပြီ။ ရည်သန်စူးစိုက်ရာ လမ်းစဉ်သို့ လမ်းညွှန်ခံရပြီ။ |
| ၂၅။ | **إِنَّ الَّذِينَ كَفَرُوا وَيَصُدُّونَ عَن سَبِيلِ اللَّهِ وَالْمَسْجِدِ الْحَرَامِ الَّذِي جَعَلْنَاهُ لِلنَّاسِ سَوَاءً الْعَاكِفُ فِيهِ وَالْبَادِ وَمَن يُرِدْ فِيهِ بِإِلْحَادٍ بِظُلْمٍ نُّذِقْهُ مِنْ عَذَابٍ أَلِيمٍ** ۞<br>ကေန်ပင်၊ ဖုံးကွယ်သော သူ၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ– ငါအရှင်က ရှိရင်းစွဲဒေသခံ၊ ဧည့်သည်မဟူ လူသား ချင်းအတူတူ ဖြစ်စေရမည်ဟု စီမံထားသော ဘေးမဲ့ဝတ်ကျောင်းတော်မှ– ဟန့်တားသော သူ၊ ထို၌ အဝိဇ္ဇာတရားသို့ တွန်းပို့ လိုသူတို့အား စူးနစ်သော ဝဋ်ကြွေးဒဏ်ကို မြည်းစမ်းစေမည်။[၇၁၉] |
| ၂၆။<br>☆<br>၂း၁၂၅ | **وَإِذْ بَوَّأْنَا لِإِبْرَاهِيمَ مَكَانَ الْبَيْتِ أَن لَّا تُشْرِكْ بِي شَيْئًا وَطَهِّرْ بَيْتِيَ لِلطَّائِفِينَ وَالْقَائِمِينَ وَالرُّكَّعِ السُّجُودِ** ۞<br>ငါသည် အီဗရာဟီးမ်အား အိမ်တော် တည်ရာကို သတ်မှတ်ပေးသောအခါ၊ ငါနှင့် တစ်စုံတစ်ရာကိုမှ မရောပြွမ်းစေရ၊ တရားထိုင်သူ၊ ဦးညွှတ်သူ၊ ဦးချသူတို့အတွက် ငါ၏ အိမ်တော်ကို သန့်စင်စေရမည်ဟု (မိန့်၏)။☆ |
| ၂၇။ | **وَأَذِّن فِي النَّاسِ بِالْحَجِّ يَأْتُوكَ رِجَالًا وَعَلَىٰ كُلِّ ضَامِرٍ يَأْتِينَ مِن كُلِّ فَجٍّ عَمِيقٍ** ۞<br>ဒုလ္လဘရဟန်းပြုရန် လူသားတို့အား ကြေငြာလော့၊ သင့်ထံသို့ ခြေလျှင်ဖြစ်စေ၊ အားလုံးကိုယ်စီ ခရီးပန်းခြင်းပေါ်၌ ဖြစ် စေ၊ လာရောက်ကြမည်။ ဝေးကွာလွန်းသော ခရီးရှည်ကိုယ်စီမှ လာရောက်ကြမည်မှာ–[၇၂၀] |

---

(၇၁၉) **عَاكِف အာကိဖ်** ဆိုသည်မှာ အရာတစ်ခုအား ဖက်တွယ်နေသူ ဟုဖြစ်၍ ဤနေရာ၌ ဇာတိချက်မြှပ် မပြောင်းရွှေ့ဘဲ ရှိနေသူ ဒေသခံ သို့မဟုတ် ကအ်ဘာ ဝတ်ကျောင်းတော်၌ ယခင်ကပင် သံယောဇဉ် ဖက်တွယ်နေသူများကို ဆိုလိုပေသည်။ **بَاد “ဘာ့ဒ်”** ဆိုသည်မှာ ကျေးလက် ဒေသသား၊ တောသား– ထိုခေတ်က အထင်ကြီး၊ အရေးတယူ ရှိခြင်း မခံရသော တိုင်းရင်းသားများကို ဆိုလိုခေါ်ပေသည်၊ ထိုသူတို့သည် မက္ကာဟ် ဇာတိမဟုတ်၍ သူတို့အား ဤနေရာ၌ **ဧည့်သည်**ဟု ပြန်ဆိုခြင်း ဖြစ်ပါသည်။ အစ္စလာမ်သာသနာ ပေါ်ထွန်းလာသော အခါ မျိုးနွယ်ကြောင့်၊ အသား အရောင်ကြောင့်၊ မွေးရာဇာတိကြောင့်၊ ဖို၊ မဖြစ်ခြင်းကြောင့် စသည့် အကြောင်းအမျိုးမျိုးကို ပြလျှက် လူလူချင်း ခွဲခြားမှုများကို နိဂြိုဟ်တံခွဲ စေပေသည်။

(၇၂၀) ဤသုတ်တော်တွင် ဆိုသော **“ခရီးပန်းခြင်း (ဖြစ်နေသော)”** ဟူသည့် **ضَامِر သွာမိရင်** ဆိုသည်မှာ ရှေးခေတ်က ခရီးဝေးမှ လာရ သောကြောင့် ပင်ပန်းနွမ်းနယ် သောကြောင့် ပိန်လှီနေသော အစီးအနင်း ကုလားများအား ကိုယ်စားပြုသုံးသော အသုံးဖြစ်ပေသည်။ သို့သော် ထို စကားလုံးသည် “ကုလားအုပ်” နှင့်ပတ်သက်၍သာ သုံးရမည်ဟု ပုံသေ အသုံးအနှုန်း မဟုတ်ချေ။ ခရီးဝေးမှ လာခဲ့ရခြင်းကြောင့် “မောပန်းနွမ်းလျှ နေသော၊ အင်ဂျင်ပူနေသော” စသည့် အသုံးအနှုန်းဖြစ်၍– စုပေါင်းဒုလ္လဘပြုရန် ဝေးကွာသော ခရီးမှ လာခဲ့ရသူများကိုသာ ဆိုလိုပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

၂၈။ لِيَشْهَدُوا مَنَافِعَ لَهُمْ وَيَذْكُرُوا اسْمَ اللَّهِ فِي أَيَّامٍ مَّعْلُومَاتٍ عَلَى مَا رَزَقَهُم مِّن بَهِيمَةِ الْأَنْعَامِ فَكُلُوا مِنْهَا وَأَطْعِمُوا الْبَائِسَ الْفَقِيرَ ۝

သူတို့၏ အကျိုးအတွက် သက်သေခံရန်၊ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အား သတိရဘာဝနာပွားရန် ဖြစ်၏။ တွက်ချက်သတ်မှတ်ထားသော နေ့ကာလအတွင်း ခွာကွဲစားမြုံ့ပြန် နို့တိုက်သတ္တဝါများကို သင့်တို့အတွက် ရိက္ခာဖြစ်စေ၏၊ သို့ဖြစ်၍ ၎င်းကို စားသုံးကြလော့၊ နွမ်းပါးသော သူဆင်းရဲတို့အား ကျွေးမွေးကြလော့။[၇၂]

၂၉။ ثُمَّ لْيَقْضُوا تَفَثَهُمْ وَلْيُوفُوا نُذُورَهُمْ وَلْيَطَّوَّفُوا بِالْبَيْتِ الْعَتِيقِ ۝

ထို့နောက် သူတို့အား စင်ကြယ်ခြင်းဝန်ကို အတည်ပြုစေလော့၊ သူတို့၏ သံဓိဋ္ဌာန်အား ဖြည့်စေလော့၊ ရှေးဟောင်းအိမ်တော်ကို လည်ပတ်ဂါယာပြုစေလော့။

၃၀။ ذَٰلِكَ وَمَن يُعَظِّمْ حُرُمَاتِ اللَّهِ فَهُوَ خَيْرٌ لَّهُ عِندَ رَبِّهِ وَأُحِلَّتْ لَكُمُ الْأَنْعَامُ إِلَّا مَا يُتْلَى عَلَيْكُمْ فَاجْتَنِبُوا الرِّجْسَ مِنَ الْأَوْثَانِ وَاجْتَنِبُوا قَوْلَ الزُّورِ ۝

☆ ၂း၁၇၃ ၅း၃

ဤသို့ ဖြစ်၏။ ပရမတ်ဘုရားရှင်၏ ဘေးမဲ့ပေးထားခြင်းများကို တရိုတသေရှိသောသူ၊ ထိုသူအတွက် သူ့ကံကြမ္မာရှင်၏ ထံ၌ ကောင်းမြတ်မှုရှိ၏။ သင်တို့အား ရွတ်ဖတ်ပြပြီးသည်မှအပ☆ ခွာကွဲစားမြုံ့ပြန် တိရိစ္ဆာန်များသည် သင်တို့အဘို့

---

ထိုရှေ့မှ စကားလုံး “ခြေလျင် ဖြစ်စေ” ဆိုသည်က ခရီးနီးမှ လာရသူများကို ပြော၍၊ နောက်ဝါကျ “ဝေးကွာလွန်းသော ခရီးရှည် ကိုယ်စီမှ” ဆိုသည်က ထိုထက်ထို ထက် ပို၍ဝေးသော နေရာများမှ (ကမ္ဘာအရပ်ရပ်မှ) ရောက်လာကြမည်ဟု ဆိုခြင်း ဖြစ်ပေသည်။ စုပေါင်းဒုလ္လဘ ပြုခြင်း ဟု ဘာသာပြန်သည်ကို ၂း၁၅၈ တွင်ကြည့်ပါ။ ဤသုတ်တော်မှ ပြောသည့် “ဝေးကွာလွန်းသော ခရီးရှည် ကိုယ်စီမှ” ပြောခြင်းမှာ၊ လွန်ခဲ့ သော နှစ်ပေါင်း ၁၅၀၀ ကပင်၊ ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်ဖြစ်သည့်အပြင်၊ ထိုအချိန်က စုပေါင်းဒုလ္လဘပြုကြရာ ဆုံမှတ်ဖြစ်သည့် “မက္ကာဟ်” ရှိ ဘေးမဲ့ကျောင်းတော်သည် အစ္စလာမ်သာသနာဝင်တို့၏ လက်ထဲတွင် မရှိသေးပေ။ ပရမတ်ဘုရားရှင်သည် ဖြစ်ကိုဖြစ်လာရမည်ကို သတ်မှတ်ပြဋ္ဌာန်း ပေးခြင်း ဖြစ်ပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀က မကြားဘူး မသိဘူးခဲ့သော နေရာ မက္ကာဟ်အား ယခုအခါ– ကမ္ဘာ့အရပ်မှ အစ္စလာမ် သာသနာဝင်များ နှစ်စဉ် သွား ရောက်၍ စုပေါင်းဒုလ္လဘပြုနေကြပြီ ဖြစ်သည်မှာ အလွန်ထင်ရှားသော သက်သေပြချက်ပင် ဖြစ်ပေသည်။

ထိုအပြင် ဤနေရာ၌ ဘာသာပြန်သည့် “ဝေးကွာလွန်းသည့်” ဟူသည့်စကားလုံး **عَمِيق အမီးက်** ၏ အနက်မှ “နက်နက်ရှိုင်းရှိုင်း သုတေသန ပြုလုပ်ခြင်း” ကိုလည်း ဆိုလိုပေသည်။ ထို့ ကြောင့် ကမ္ဘာအရပ်ရပ်မှ နက်နက်ရှိုင်းရှိုင်း သုတေသနလုပ်သော သုတေသီတို့သည် အစ္စလာမ် သာသနာကို လက်ခံယုံကြည်လာလျှက် စုပေါင်း ဒုလ္လပြုလုပ်ရန် ရောက်ရှိလာကြည်မည်ဟုလည်း ကြိုတင်နိမိတ်ပေးထားခြင်း ဖြစ်ပေသည်။

(၇၂)ဤသုတ်တော်အား ဆရာတော်ကြီးများက “သူတို့အတွက် သက်သေဖြစ်စေရန်၊ သတ်မှတ်ထားသော ရက်များ၌ သင်တို့အတွက် ရိက္ခာ အဖြစ်ပေးထားသော ခြေလေးချောင်း တိရိစ္ဆာန်ကို ပရမတ်ဘုရားရှင်၏ နာမတော်အား ရွတ်ဖတ်တသရန်၊” ဟု လွဲမှားစွာ ဝါကျကောက်ယူ ဘာသာပြန်ကြသည့်အပြင်၊ ဤအကြောင်းအရာသည် အစ္စလာမ် သာသနာဝင်များ ယနေ့ ပြုလုပ်နေကြသည့် “**ကုရ်ဘာနီ**” ဟူသော အကြောင်းနှင့် ဆက်စပ်နေသဖြင့်၊ အစ္စလာမ်အား အမြဲပုပ်ခတ်ပြစ်တင်ရန် ကြိုးစားနေသူများက– မူဆလင်များသည် ဘုရားသခင်အတွက် “ကျွဲ၊ နွား” များကို သတ်ဖြတ်နေကြသည်ဟု လည်းကောင်း၊ အချို့ကလည်း မည်သည့် အရပ်က လာမှန်းမသိ ယုတ္တိမတန်သော ဇာတ်လမ်း “ရဲရဲတောက် မီးဖုတ်ထားသော သံတုံးသံခဲကြီးကို နင်းနိုင်မှ ကျွဲ၊ နွားများကို သတ်ကြ ဟု မိန့်ထားသည်ကို မေ့ထားလျှက် မူဆလင်များက ကျွဲ နွား များကို သတ်နေကြသည်” ဟု လည်းကောင်း ကြားဘူးနားဝ စိတ်ထင်ရာများကို ပြောနေကြပေသည်။ ဤသုတ်တော်နှင့် အထက်သုတ်တော်များက “ကအ်ဘာ” သည် ဘေးမဲ့ကျောင်းတော် ဖြစ်သည်။ တနည်းအားဖြင့် ကအ်ဘာ ဝန်းကျင်တွင် ယေဘုယျ အသက်ဟု သတ်မှတ်သည့် သတ္တဝါများကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရန်၊ စစ်မဖြစ်ရန် ပညတ်ထားသည်၊ ထိုအပေါ်တွင် အယူသည်းသွားလျှက် မည်သည့် စားရေရိက္ခာကိုမှ မစားမသောက်သော လူသားတို့ မလိုက်နာနိုင်သည့် ဥပဒေများကို နောက်ပေါက်ဆရာတော်များက မချမှတ်နိုင်စေရန်နှင့် အထောင် အသောင်း အသန်း ကမ္ဘာအရပ်ရပ်မှ လာရောက်ကြသော ဧည့်သည်များအတွက် စားရေရိက္ခာပြေလည်စေရန် စားသောက်ဘွယ် ဝတ္ထုများကို စီမံပြုလုပ်စားသောက်ခွင့် ပြုထားခြင်းဖြစ်ပေသည်။ ထိုသို့စားသုံးရာတွင် ရှေးဟောင်းလူတို့က “**ဗဟီမာဟ်**”ခေါ် နို့တိုက်တိရိစ္ဆာန်များကို ပူဇော်ပသရာ ဝတ္ထုအဖြစ် သတ်မှတ်ထားခြင်းကြောင့် (၅း၁၀၃) စားသုံးခြင်း၌ တွန့်ဆုတ်နေကြသည့် ဓလေ့ဟောင်းကို ဤသုတ်တော်ပါ ဥပဒေဖြင့် ပယ်ဖျက်ပေးခြင်း ဖြစ်ပေသည်။ ဤသုတ်တော်တွင် “သင်တို့အတွက် ရိက္ခာ” ဟု ရှင်းရှင်းလင်းလင်း ပြောထားသည်ကိုပင် “ဘုရားသခင်အား ယဇ်ပူဇော်သည်” ဟု ပုပ်ခတ်ချင်သူများကို အလွန်အံ့သြဘွယ်ကောင်းပေသည်။ ထို့အပြင် ဆင်းရဲနွမ်းပါးသူများကိုပါ ကျွေးမွေးရမည် ဆိုသည့် အတွက် လူအများ စားသုံးရန် အလှူအဒါန်းကြီး ပြုလုပ်ခြင်းတည်းဟူသည့် ခေါင်းစဉ်လည်း ပါနေပေသည်။ အစ္စလာမ်မဟုတ်သော အခြားသာသနာဝင်များသည်လည်း အလှူ၊ ရှင်ပြု၊ ရဟန်းခံ ပွဲများ၌ သတ္တဝါတို့အား လှူဘွယ်ဝတ္ထုအဖြစ် သတ်မှတ်လျှက် တစ်ခမ်းတစ်နားကြီး ကျွေးမွေးနေသည်ပင်။ ထိုသို့ အသား ငါး လှူဘွယ်ဝတ္ထုများဖြင့် ကျွေးမွေးခြင်းသည် အကုသိုလ်ဖြစ်သော အလှူဒါနဟု မည်သူကမှ သတ်မှတ်ထားခြင်း မရှိချေ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | တရားဝင် ဖြစ်၏။ နိမ့်ကျသည့် ပသကိုးကွယ်ခြင်းနှင့် ကင်းကင်းနေလော့၊ မမှန်မကန်ပြောဆိုခြင်းနှင့် ကင်းကင်းနေလော့။ |
| ၃၁။ | **حُنَفَاء لِلَّهِ غَيْرَ مُشْرِكِينَ بِهِ وَمَن يُشْرِكْ بِاللَّهِ فَكَأَنَّمَا خَرَّ مِنَ السَّمَاء فَتَخْطَفُهُ الطَّيْرُ أَوْ تَهْوِي بِهِ الرِّيحُ فِي مَكَانٍ سَحِيقٍ۝**<br>ပရမတ်ဘုရားရှင်၌ အယူသန့်သန့်ရှိစေလော့၊ အရှင်နှင့် ရောပြွန်းကိုးကွယ်ရာ မရှိစေနှင့်၊ ပရမတ်ဘုရားရှင်နှင့် ရောပြွန်းကိုးကွယ်ရာ ထားသူသည်၊ ကောင်းကင်မှ ဦးဇောက်မှောက်ခုံပြုတ်ကျ၍ ငှက်များ၏ ထိုးသုတ်ခံသူကဲ့သို့ သို့မဟုတ် လေပြင်းမုန်တိုင်းကြောင့် ဝေးသော အရပ်သို့ လွင့်ပါးရသူကဲ့သို့ ဖြစ်၏။ |
| ၃၂။ | **ذَلِكَ وَمَن يُعَظِّمْ شَعَائِرَ اللَّهِ فَإِنَّهَا مِن تَقْوَى الْقُلُوبِ۝**<br>ဤသို့ဖြစ်၏။ ပရမတ်ဘုရားရှင်၏ အမှတ်သညာတော်များကို တရိုတသေရှိသော သူသည်၊ ကေန်ပင် ၎င်းသည် နှလုံးသား၌ စည်းစောင့်ခြင်းများမှ ဖြစ်၏။ |
| ၃၃။ | **لَكُمْ فِيهَا مَنَافِعُ إِلَى أَجَلٍ مُّسَمًّى ثُمَّ مَحِلُّهَا إِلَى الْبَيْتِ الْعَتِيقِ۝**<br>ထိုၖ သတ်မှတ်ထားသည့် ကာလသို့တိုင် သင်တို့အဘို့ အကျိုးတရားရှိ၏။ ထို့နောက် ၎င်းတို့ကို ရှေးဟောင်း အိမ်တော်သို့ သယ်ဆောင်ခဲ့ကြလော့။ |
| ၃၄။ | **وَلِكُلِّ أُمَّةٍ جَعَلْنَا مَنسَكًا لِيَذْكُرُوا اسْمَ اللَّهِ عَلَى مَا رَزَقَهُم مِّن بَهِيمَةِ الْأَنْعَامِ فَإِلَهُكُمْ إِلَهٌ وَاحِدٌ فَلَهُ أَسْلِمُوا وَبَشِّرِ الْمُخْبِتِينَ۝**<br>သင်တို့အား ရိက္ခာပေးထားသည့် ခွာကွဲစားမြုံ့ပြန် နို့တိုက်သတ္တဝါတို့ အပေါ်၌ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်ကို သတိရစေရန် အသိုင်းအဝိုင်း ကိုယ်စီအတွက် နည်းနာ ပဋိပါတ်ကို ငါစီမံပြီး ဖြစ်၏။ သင်တို့၏ ဘုရားရှင်သည် တစ်ဆူတည်းသော ဘုရားရှင် ဖြစ်၏။ အရှင့်အတွက် ငြိမ်းချမ်းရေးကို ပြုကြလော့၊ နိဝါတ တရားရှိသူတို့အား သတင်းကောင်းကို ပါးလော့။ |
| ၃၅။ | **الَّذِينَ إِذَا ذُكِرَ اللَّهُ وَجِلَتْ قُلُوبُهُمْ وَالصَّابِرِينَ عَلَى مَا أَصَابَهُمْ وَالْمُقِيمِي الصَّلَاةِ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ۝**<br>သူတို့သည် ပရမတ်ဘုရားရှင်က သတိဖေါ်ပေးသောအခါ၊ သူတို့၏ စိတ်နှလုံးများ တုန်လှုပ်ရိုကျိုးကြ၏၊ သူတို့အား ဥပါဒ်သက်သော် သီခံပါရမီကြီးကြ၏။ မေတ္တာစိဋ္ဌာန်၌ မြဲမြံကြ၏၊ သူတို့အား ရိက္ခာပေးရာမှ ပေးဝေလှူဒါန်းကြကုန်၏။ |
| ၃၆။ | **وَالْبُدْنَ جَعَلْنَاهَا لَكُم مِّن شَعَائِرِ اللَّهِ لَكُمْ فِيهَا خَيْرٌ فَاذْكُرُوا اسْمَ اللَّهِ عَلَيْهَا صَوَافَّ فَإِذَا وَجَبَتْ جُنُوبُهَا فَكُلُوا مِنْهَا وَأَطْعِمُوا الْقَانِعَ وَالْمُعْتَرَّ كَذَلِكَ سَخَّرْنَاهَا لَكُمْ لَعَلَّكُمْ تَشْكُرُونَ۝**<br>အလှူဝတ္ထုသားကောင်များ၊[၇၂၂] ၎င်းတို့ကို သင်တို့အတွက် ပရမတ်ဘုရားရှင်၏ အမှတ်သညာများမှ စီမံထား၏။ ၎င်း၌ သင်တို့အတွက် ကောင်းကျိုးရှိ၏။ ၎င်းတို့အား စီတန်းထားသော အခါ ထိုအပေါ်၌ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်ကို သတိရဆင်ခြင်လော့၊ ၎င်းတို့၏ နံဘေးသည် လဲကျသည်ရှိသော်၊ ထိုမှ စားသုံးကြလော့၊ ရည်ရွယ်ထားသူများနှင့် ဖုံးတောင်းယာစကာများကို ကျွေးမွေးကြလော့၊ သင်တို့သည် ကျေးဇူးသိတတ်အံ့သောငှာ ငါသည် ၎င်းတို့အား ဤသို့ သင်တို့၏ အသုံးခံ ဖြစ်စေ၏။ |
| ၃၇။ | **لَن يَنَالَ اللَّهَ لُحُومُهَا وَلَا دِمَاؤُهَا وَلَكِن يَنَالُهُ التَّقْوَى مِنكُمْ كَذَلِكَ سَخَّرَهَا لَكُمْ لِتُكَبِّرُوا اللَّهَ عَلَى مَا** |

(၇၂၂) **အလ်ဘုဒ်န** ဆိုသည်မှာ ကိုယ်ထည်ဟု အနက်ရပေသည်။ ထို့ကြောင့် အချို့ဆရာတော်များက ကုလားသားကောင်၏ ကိုယ်ထည်ကို ကိုယ်စားပြုသော အနေဖြင့် ကုလားအုပ် တိရိစ္ဆာန်ဟု ဘာသာပြန်ကြပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | **هَدَاكُمْ وَبَشِّرِ الْمُحْسِنِينَ۞**<br>၎င်းတို့၏ အသား၊ ၎င်းတို့၏ အသွေးများသည် ပရမတ်ဘုရားရှင်ထံသို့ ရောက်သည်မဟုတ်၊ သို့ရာတွင် သင်တို့၏ စည်းစောင့်ခြင်းသည်သာ အရှင်ထံသို့ ရောက်၏။ သင်တို့အား လမ်းညွှန်ပေးခြင်း၌ ပရမတ်ဘုရားရှင်၏ ကြီးကျယ်မှုကို သတိရအံ့သောငှာ အရှင်သည် ၎င်းတို့ကို သင်တို့၏ အသုံးခံဖြစ်စေ၏။ ကောင်းမွန်သူတို့အား သတင်းကောင်းပါးလော့။ |
| ၃၈။ | **إِنَّ اللَّهَ يُدَافِعُ عَنِ الَّذِينَ آمَنُوا إِنَّ اللَّهَ لَا يُحِبُّ كُلَّ خَوَّانٍ كَفُورٍ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် ယုံကြည်သော သူတို့နှင့် စပ်လျဉ်း၍ **ခုခံကာကွယ်**ပေး၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ဖျားယောင်းသူ၊ ဖုံးကွယ်သူ ကိုယ်စီအား နှစ်သက်ခြင်း မရှိချေ။ |
| ၃၉။ | **أُذِنَ لِلَّذِينَ يُقَاتَلُونَ بِأَنَّهُمْ ظُلِمُوا وَإِنَّ اللَّهَ عَلَى نَصْرِهِمْ لَقَدِيرٌ۞**<br>မတရားညှဉ်းဆဲ သတ်ဖြတ်ခံရသော သူတို့အား ၎င်း (ခုခံခွင့်)ကို ခွင့်ပြုပေးတော်မူ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သူတို့အား ကူညီခြင်းကို စည်းချိန်ချမှတ်နိုင်တော်မူ၏။ |
| ၄၀။ | **الَّذِينَ أُخْرِجُوا مِن دِيَارِهِمْ بِغَيْرِ حَقٍّ إِلَّا أَن يَقُولُوا رَبُّنَا اللَّهُ وَلَوْلَا دَفْعُ اللَّهِ النَّاسَ بَعْضَهُم بِبَعْضٍ لَّهُدِّمَتْ صَوَامِعُ وَبِيَعٌ وَصَلَوَاتٌ وَمَسَاجِدُ يُذْكَرُ فِيهَا اسْمُ اللَّهِ كَثِيرًا وَلَيَنصُرَنَّ اللَّهُ مَن يَنصُرُهُ إِنَّ اللَّهَ لَقَوِيٌّ عَزِيزٌ۞**<br>သူတို့က "ကျွန်ုပ်တို့၏ ကံကြမ္မာရှင်သည် ပရမတ်ဘုရားရှင်သာ ဖြစ်သည်"ဟု ဆိုခြင်းကြောင့် သူတို့သည် သူတို့၏ အိမ်ဗိမာန်များမှ သစ္စာမဲ့စွာဖြင့် မောင်းထုတ်ခံရ၏။ အကယ်၍ ပရမတ်ဘုရားရှင်သည် လူသားတစ်ချို့ကို တစ်ချို့ အားဖြင့် မခုခံစေခဲ့လျှင်၊ ဘုန်းကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်းများ၊ ဂျူးဘုရားကျောင်းများ၊ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အား များစွာ သတိရဘာဝနာပြုသော အစ္စလာမ်ဝတ်ကျောင်းများသည် ဖျက်ဆီးခံရပြီး ဖြစ်လတ္တံ့။ အရှင့်အတွက် ကူညီသူအား ကေန်ပင် ပရမတ်ဘုရားရှင်သည် သူ့အား ကူညီတော်မူ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် တန်ခိုးတော်အရှင် ဘုန်းတော်အရှင် ဖြစ်တော်မူ၏။[၇၂၃] |
| ၄၁။ | **الَّذِينَ إِن مَّكَّنَّاهُمْ فِي الْأَرْضِ أَقَامُوا الصَّلَاةَ وَآتَوُا الزَّكَاةَ وَأَمَرُوا بِالْمَعْرُوفِ وَنَهَوْا عَنِ الْمُنكَرِ وَلِلَّهِ عَاقِبَةُ الْأُمُورِ۞**<br>သူတို့သည်၊ အကယ်၍ သူတိုအား ငါအရှင်က မြေကမ္ဘာ၌ ထူထောင်ပေးလျှင်၊ မေတ္တာဓိဌာန် မြဲကြမည်၊ လူမှုဖူလုံကြေးပေးကြမည်၊ မျှတမှုကို ဆင့်ဆိုကြမည်၊ မကြားဝံ့မနာသာမှုကို ဟန့်တားကြမည် ဖြစ်၏။ ပရမတ်ဘုရားရှင်သည်ကား နောက်ဆုံးပိတ် စံမံချက်ချသော အရှင် ဖြစ်၏။ |
| ၄၂။ | **وَإِن يُكَذِّبُوكَ فَقَدْ كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَعَادٌ وَثَمُودُ۞**<br>အသင့်အား ငြင်းဆန်ကြလျှင်၊ သူတို့မတိုင်မီ ငြင်းဆန်ကြသူများမှာ နူးဟ်၏၊ အာဒ်၏၊ သမု-တ်၏ လူမျိုး- |
| ၄၃။ | **وَقَوْمُ إِبْرَاهِيمَ وَقَوْمُ لُوطٍ۞**<br>အီဗရာဟီးမ်၏၊ လု-တ်၏ လူမျိုးတို့နှင့်- |
| ၄၄။ | **وَأَصْحَابُ مَدْيَنَ وَكُذِّبَ مُوسَى فَأَمْلَيْتُ لِلْكَافِرِينَ ثُمَّ أَخَذْتُهُمْ فَكَيْفَ كَانَ نَكِيرِ۞** |

(၇၂၃) အစ္စလာမ် သာသနာဝင်များသည် အဘယ်ကြောင့် စစ်တိုက်ရသည် ဆိုခြင်းကို ဤသုတ်တော်က တိကျစွာ ဆိုထားပေသည်။ အစ္စလာမ် သာသနာသည် ကမ္ဘာပေါ်တွင် ဘာသာရေး လွတ်လပ်ခွင့်ကို ပထဦးဆုံး ကြေငြာသော သာသနာ ဖြစ်ပေသည်။ မည်သည့် ဘာသာသည် မဆို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ရှိရမည် ဖြစ်သည်။ မည်သည့် သာသာနာဝင်သည် မဆို မိမိ၏ သာသနိက အဆောက်အအုံများကို မတရား ဖျက်စီးခံရခြင်း၊ မိမိ၏ ယုံကြည်ချက်ကြောင့် အိုးအိမ်နေရပ်မှ မောင်းထုတ်ခံရခြင်း ဖြစ်လျှင် ထိုမတရားမှုမှ ခုခံတော်လှန်ခွင့် ရှိပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | မိဒီယံ အရပ်သားများ ဖြစ်၏။ မူဆာကိုလည်း ငြင်းဆန်ခဲ့ကြပြီ။ ငါသည် ဖုံးကွယ်သူတို့အား အချိန်ပေးထားတော်မူ၏။ တဖန် သူတို့အား သုတ်ယူလိုက်၏၊ သို့ဖြင့် ငါ၏ အတည်မပြုခြင်းသည် မည်သို့ ဖြစ်ဘိသနည်း။ |
| ၄၅။ | فَكَأَيِّن مِّن قَرْيَةٍ أَهْلَكْنَاهَا وَهِيَ ظَالِمَةٌ فَهِيَ خَاوِيَةٌ عَلَى عُرُوشِهَا وَبِئْرٍ مُّعَطَّلَةٍ وَقَصْرٍ مَّشِيدٍ ۞<br>ငါသည် အရပ်ဒေသ မည်မျှအား ထိုရွာ၌ အမိုက်မှောင်စီးနေကြစဉ် တိမ်ကောစေခဲ့သနည်း။ ၎င်းတို့သည် ဦးခေါင်းမှ အောက်ခြေထိ၊ သုံးမရတော့သည့် ရေတွင်းနှင့် မြင့်မားသော နန်းတော်တည်ရာထိ ပြိုကျခဲ့ရ၏။[၇၂၄] |
| ၄၆။ | أَفَلَمْ يَسِيرُوا فِي الْأَرْضِ فَتَكُونَ لَهُمْ قُلُوبٌ يَعْقِلُونَ بِهَا أَوْ آذَانٌ يَسْمَعُونَ بِهَا فَإِنَّهَا لَا تَعْمَى الْأَبْصَارُ وَلَكِن تَعْمَى الْقُلُوبُ الَّتِي فِي الصُّدُورِ ۞<br>သူတို့၌ အတွေးအခေါ်ရှိသော နှလုံးသား၊ နားလည်မှုရှိသော နားများ ဖြစ်လာစေရန်၊ သူတို့သည် ကမ္ဘာ၌ ခရီး မထွက်ကြသလော။ ကေန်အမှန် သူတို့သည် မံသမျက်စိ ကန်းနေခြင်းမဟုတ်၊ စိတ်နှလုံးတွင်းမှ နှလုံးသားမျက်စိ ကန်းနေခြင်းသာ ဖြစ်၏။ |
| ၄၇။<br>☆ ၂၀း ၁၀၃ ၁၀၄ ၃၂း၅ | وَيَسْتَعْجِلُونَكَ بِالْعَذَابِ وَلَن يُخْلِفَ اللَّهُ وَعْدَهُ وَإِنَّ يَوْمًا عِندَ رَبِّكَ كَأَلْفِ سَنَةٍ مِّمَّا تَعُدُّونَ ۞<br>သူတို့သည် သင့်ထံ၌ ဝဋ်ကြွေးဒဏ်ကို စိတ်စောလျှက် တောင်းကြ၏။ ပရမတ်ဘုရားရှင်သည် ကတိတော်အား ပေါ့လျှော့ထားသည် မဟုတ်ချေ။ ကေန်ပင် ပရမတ်ဘုရားရှင်၏ထံမှ တစ်နေ့တာသည် သင်တို့ တွက်ချက်သောရက် ဖြင့် ထောင်ချီ၍ ရှိ၏။☆ |
| ၄၈။ | وَكَأَيِّن مِّن قَرْيَةٍ أَمْلَيْتُ لَهَا وَهِيَ ظَالِمَةٌ ثُمَّ أَخَذْتُهَا وَإِلَيَّ الْمَصِيرُ ۞<br>ငါသည် အရပ်ဒေသ မည်မျှအား ထိုရွာ၌ အမိုက်မှောင်စီးနေကြစဉ် အချိန်ပေးထားခဲ့သနည်း၊ တဖန် သုတ်ယူတော်မူလိုက်၏၊ ခရီးဆုံးပန်းတိုင်သည် ငါ့ထံသို့သာ ဖြစ်၏။ |
| ၄၉။ | قُلْ يَا أَيُّهَا النَّاسُ إِنَّمَا أَنَا لَكُمْ نَذِيرٌ مُّبِينٌ ۞<br>ဟောလော့၊ "အို လူသားတို့၊ ကျွန်ုပ်သည် သင်တို့အတွက် ရှင်းလင်းစွာ သတိပေးပေးသူ ဖြစ်၏။" |
| ၅၀။ | فَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ ۞<br>ယုံကြည်လျှက် ပြုပြင်ပြောင်းလဲမှု ပြုသော သူ၊ ထိုသူတို့အတွက် လွတ်ငြိမ်းခွင့်နှင့် ကျက်သရေရှိသော ရိက္ခာရှိနေ၏။ |
| ၅၁။ | وَالَّذِينَ سَعَوْا فِي آيَاتِنَا مُعَاجِزِينَ أُوْلَئِكَ أَصْحَابُ الْجَحِيمِ ۞<br>ငါ၏သုတ်ဒေသနာများကို ဆန့်ကျင်ရန် အပူတပြင်းရှိသူ၊ ထိုသူတို့သည် ငရဲ၏ အဖေါ်အပေါင်း ဖြစ်၏။ |
| ၅၂။ | وَمَا أَرْسَلْنَا مِن قَبْلِكَ مِن رَّسُولٍ وَلَا نَبِيٍّ إِلَّا إِذَا تَمَنَّى أَلْقَى الشَّيْطَانُ فِي أُمْنِيَّتِهِ فَيَنسَخُ اللَّهُ مَا يُلْقِي الشَّيْطَانُ ثُمَّ يُحْكِمُ اللَّهُ آيَاتِهِ وَاللَّهُ عَلِيمٌ حَكِيمٌ ۞<br>သင့်အလျှင် ဥဒဏ်စဉ်တော်ဆောင် သတင်းတော်ဆောင်ကို စေစားသောအခါ၊ သူ၏ ဆန္ဒအပေါ်၌ မကောင်းဆိုးဝါးက ၎င်း၏ ဆန္ဒကို စိုးမိုးရန်သာ ပြု၏၊ သို့သော် ပရမတ်ဘုရားရှင်သည် မကောင်းဆိုးဝါး၏ ခင်းကျင်းမှုကို သိမ်နုတ်စေ၍၊ တဖန် ပရမတ်ဘုရားရှင်သည် အရှင့် သုတ်ဒေသနာများဖြင့် အဆုံးအဖြတ်ပေးတော်မူ၏၊ ပရမတ်ဘုရားရှင်သည် သိနေသောအရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |

---

(၇၂၄)ဤသုတ်တော်သည် ဟောင်းနွမ်းဆွေးမြေ့သော အယူဝါဒအား လက်ကိုင်ထားပြီး ထိုဝါဒထဲ အမိုက်မှောင်စီး နစ်မွန်းနေသော လူတန်း တစ်ရပ် ပျက်သုဉ်းရပုံကို တင်ပြထားပေသည်။ လူတန်းစားတစ်ရပ်တွင် ဦးဆောင်ဦးရွက်ပြုသူနှင့် နောက်လိုက် ထောက်ခံသူများ အားလုံး ပြိုပျက်သွားရကြောင်းကို "ဦးခေါင်းမှ အောက်ခြေထိ" ဟုလည်းကောင်း "ရေတွင်းပျက်မှ– နန်းတော်ထိ" ဟုလည်းကောင်း ဖေါ်ပြထားပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၅၃။ | **لِيَجْعَلَ مَا يُلْقِي الشَّيْطَانُ فِتْنَةً لِّلَّذِينَ فِي قُلُوبِهِم مَّرَضٌ وَالْقَاسِيَةِ قُلُوبُهُمْ وَإِنَّ الظَّالِمِينَ لَفِي شِقَاقٍ بَعِيدٍ ۞**<br>အရှင်သည် မကောင်းဆိုးဝါး၏ ခင်းကျင်းမှုကို နှလုံးသား၌ ရောဂါရှိနေသောသူ၊ စိတ်နှလုံး မာပြင်းခက်ထန်သော သူတို့အား ကြပ်တည်းစွာစုံစမ်းရန် စီရင်တော်မူ၏။ အမိုက်ကောင်တို့သည်ကား နက်ရှိုင်းသော ကြောက်တွင်းထဲ၌ ရှိနေရ၏။ |
| ၅၄။<br>ကုရ်<br>အံ | **وَلِيَعْلَمَ الَّذِينَ أُوتُوا الْعِلْمَ أَنَّهُ الْحَقُّ مِن رَّبِّكَ فَيُؤْمِنُوا بِهِ فَتُخْبِتَ لَهُ قُلُوبُهُمْ وَإِنَّ اللَّهَ لَهَادِ الَّذِينَ آمَنُوا إِلَى صِرَاطٍ مُّسْتَقِيمٍ ۞**<br>ဉာဏ်ပညာ ချီးမြှင့်ခံရသော သူတို့မှာကား၊ **၎င်း**သည် သင့်ကံကြမ္မာရှင်၏ ထံမှ ဖြစ်ကြောင်း သိနိုင်ကောင်း၏။သို့ဖြင့် သူတို့၏ နှလုံးသားသည် အရှင့်အား ရိုကျိုးလျှက် **၎င်း**၌ ယုံကြည်လေလတ္တံ့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ယုံကြည်သောသူတို့အား မြဲမြံတည်တံ့သော လမ်းစဉ်အား ညွှန်တော်မူပေ၏။ |
| ၅၅။<br>ကုရ်<br>အံ | **وَلَا يَزَالُ الَّذِينَ كَفَرُوا فِي مِرْيَةٍ مِّنْهُ حَتَّى تَأْتِيَهُمُ السَّاعَةُ بَغْتَةً أَوْ يَأْتِيَهُمْ عَذَابُ يَوْمٍ عَقِيمٍ ۞**<br>အချိန်နာရီသည် သူတို့ထံသို့ ရုတ်တရက် ပေးရောက်လာသည့်တိုင်၊ သို့မဟုတ် ဖျက်အားကောင်းသော နေ့ကာလ ဝင့်ကြွေးသည် သူတို့ထံသို့ ပေးရောက်လာသည့်တိုင်– ဖုံးကွယ်သော သူတို့သည်ကား **၎င်း**၌ သို့လောသို့လော ဖြစ်နေခြင်းကို ရပ်နားကြမည် မဟုတ်ချေ။ |
| ၅၆။ | **الْمُلْكُ يَوْمَئِذٍ لِّلَّهِ يَحْكُمُ بَيْنَهُمْ فَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فِي جَنَّاتِ النَّعِيمِ ۞**<br>ထိုနေ့ကာလသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာအာဏာတွင်း၌ ရှိ၏။ အရှင်သည် သူတို့ကြား၌ အဆုံးအဖြတ်ပေးလိမ့်မည်။ ယုံကြည်လျှက် ပြုပြင်ပြောင်းလဲမှု ပြုသော သူတို့သည် ဂုဏ်ရှိသော ဉယျာဉ်၌ စံစားရမည်ပင်။ |
| ၅၇။ | **وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا فَأُولَئِكَ لَهُمْ عَذَابٌ مُّهِينٌ ۞**<br>ငါ၏ သုတ်ဒေသနာများကို ဖုံးကွယ်၊ ငြင်းဆန်သော သူတို့၊ ထိုသို့သောသူတို့အတွက် အရှက်ရခြင်း ဝင့်ကြွေးသည် ရှိ၏။ |
| ၅၈။ | **وَالَّذِينَ هَاجَرُوا فِي سَبِيلِ اللَّهِ ثُمَّ قُتِلُوا أَوْ مَاتُوا لَيَرْزُقَنَّهُمُ اللَّهُ رِزْقًا حَسَنًا وَإِنَّ اللَّهَ لَهُوَ خَيْرُ الرَّازِقِينَ ۞**<br>ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်အတွက် ထွက်ခွာခဲ့ရ၍ တဖန် အသတ်ခံခဲ့ရ သို့မဟုတ် သေဆုံးရသော သူတို့အား ပရမတ်ဘုရားရှင်သည် ကောင်းမွန်သော ရိက္ခာဖြင့် ရိက္ခာထောက်တော်မူမည်။ ကေန်ပင် ပရမတ်ဘုရားရှင်၊ အရှင်သည် အကောင်းမြတ်ဆုံး ရိက္ခာထောက်သည့် အရှင်ဖြစ်တော်မူ၏။ |
| ၅၉။ | **لَيُدْخِلَنَّهُم مُّدْخَلًا يَرْضَوْنَهُ وَإِنَّ اللَّهَ لَعَلِيمٌ حَلِيمٌ ۞**<br>အရှင်သည် သူတို့အား ကျေနပ်အားရသော ဝင်ခြင်းဖြင့် ဝင်စေတော်မူမည်၊ ကေန်ပင် ပရတ်ဘုရားရှင်သည် သိနေသော အရှင်၊ သိမ်မွေ့သော အရှင်ဖြစ်၏။ |
| ၆၀။ | **ذَلِكَ وَمَنْ عَاقَبَ بِمِثْلِ مَا عُوقِبَ بِهِ ثُمَّ بُغِيَ عَلَيْهِ لَيَنصُرَنَّهُ اللَّهُ إِنَّ اللَّهَ لَعَفُوٌّ غَفُورٌ ۞**<br>ဤသို့ဖြစ်၏။ သူ့အား ထိသကဲ့သို့ ညီမျှစွာ ပြန်ထိစေသောသူ၊ သူ့အား တဖန် ညှင်းစဲဖိနှိပ်လျှင် ပရမတ်ဘုရားရှင်သည် သူ့အား ကူညီတော်မူမည်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကျွတ်လွတ်စေသောအရှင်၊ လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။ |
| ၆၁။ | **ذَلِكَ بِأَنَّ اللَّهَ يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ وَأَنَّ اللَّهَ سَمِيعٌ بَصِيرٌ ۞** |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | ဤသို့ဖြစ်၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် ညကို နေ့ထဲသို့ တိုးဝင်စေ၏။ နေ့ကို ညထဲသို့ တိုးဝင်စေ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင်၊ မြင်နေသောအရှင် ဖြစ်၏။ |
| ၆၂။ | ذَلِكَ بِأَنَّ اللَّهَ هُوَ الْحَقُّ وَأَنَّ مَا يَدْعُونَ مِن دُونِهِ هُوَ الْبَاطِلُ وَأَنَّ اللَّهَ هُوَ الْعَلِيُّ الْكَبِيرُ<br>ဤသို့ဖြစ်၏၊ ကေန်ပင် ပရမတ်ဘုရားရှင်၊ အရှင်သည် ပရမတ္ထသစ္စာဖြစ်၏။ အရှင်အား တုပြိုင်၍ သူတို့၏ ဆုတောင်းသောအရာများသည် မိစ္ဆာဖြစ်၏။ ကေန်ပင် ပရမတ်ဘုရားရှင်၊ အရှင်သည် မြင့်မြတ်၏၊ ကြီးကျယ်တော်မူ၏။ |
| ၆၃။ | أَلَمْ تَرَ أَنَّ اللَّهَ أَنزَلَ مِنَ السَّمَاء مَاء فَتُصْبِحُ الْأَرْضُ مُخْضَرَّةً إِنَّ اللَّهَ لَطِيفٌ خَبِيرٌ<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် ကောင်းကင်မှ မိုးရေကို သွန်းချစေလျှက် သို့ဖြင့် မြေကမ္ဘာသည် စိမ်းစိုလာကြောင်း အသင် မမြင်သလော။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သက်ညှာတော်မူ၏၊ သတင်းရနေတော်မူ၏။ |
| ၆၄။ | لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَإِنَّ اللَّهَ لَهُوَ الْغَنِيُّ الْحَمِيدُ<br>မိုးများအတွင်း မြေအတွင်း ရှိသမျှတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ ကေန်ပင် ပရမတ်ဘုရားရှင်၊ အရှင်သည် ကိုလိုပြည့်စုံတော်မူ၏။ ရည်သန်စူးစိုက်မှုတည်ရာ ဖြစ်တော်မူ၏။ |
| ၆၅။ | أَلَمْ تَرَ أَنَّ اللَّهَ سَخَّرَ لَكُم مَّا فِي الْأَرْضِ وَالْفُلْكَ تَجْرِي فِي الْبَحْرِ بِأَمْرِهِ وَيُمْسِكُ السَّمَاء أَن تَقَعَ عَلَى الْأَرْضِ إِلَّا بِإِذْنِهِ إِنَّ اللَّهَ بِالنَّاسِ لَرَؤُوفٌ رَّحِيمٌ<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် ကမ္ဘာ၌ ရှိသောအရာများ၊ အရှင့်စီမံချက်ဖြင့် ပင်လယ်ပြင်၌ စီးမျော သွားလာစေသော ရေယာဉ်များကို သင်တို့အတွက် အသုံးခံဖြစ်စေကြောင်း သင် မမြင်သလော။ အရှင့် ခွင့်ပြုချက် မရှိဘဲ ကောင်းကင်သည် မြေသို့မကျအောင် ဆိုင်းနေစေ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် လူသားတို့အား လွတ်ငြိမ်းစေသောအရှင်၊ ကရုဏာသက်နေသော အရှင်ဖြစ်၏။ |
| ၆၆။ | وَهُوَ الَّذِي أَحْيَاكُمْ ثُمَّ يُمِيتُكُمْ ثُمَّ يُحْيِيكُمْ إِنَّ الْإِنسَانَ لَكَفُورٌ<br>အရှင်သည် သူတို့ကို အသက်ဝင်စေ၏၊ တဖန် သက်မဲ့ဖြစ်စေ၏၊ တဖန် အသက်ဝင်စေ၏။ ကေန်ပင် လူသားသည် ဖုံးကွယ်မှောင်ချသူ ဖြစ်၏။ |
| ၆၇။ | لِكُلِّ أُمَّةٍ جَعَلْنَا مَنسَكًا هُمْ نَاسِكُوهُ فَلَا يُنَازِعُنَّكَ فِي الْأَمْرِ وَادْعُ إِلَى رَبِّكَ إِنَّكَ لَعَلَى هُدًى مُّسْتَقِيمٍ<br>ငါအရှင်သည် အသိုင်းအဝိုင်း ကိုယ်စီအား သူတို့၏ ကျင့်ဝတ်အဖြစ် နည်းနာ ပဋိပါတ်ကို စီရင်ပေး၏။ သို့ဖြစ်၍ အရေးအရာများ၌ သူတို့အား သင့်ကို အချေအတင် မပြုစေလင့်၊ သင့်ကံကြမ္မာရှင်၏ ဘက်သို့ ဖိတ်ခေါ်လော့၊ ကေန်ပင် သင်သည် မြဲမြံတည်တံ့သော လမ်းညွှန်၌ ရှိ၏။ |
| ၆၈။ | وَإِن جَادَلُوكَ فَقُلِ اللَّهُ أَعْلَمُ بِمَا تَعْمَلُونَ<br>သင့်အား စောဒကတက်လာလျှင်၊ "ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို သိနေတော်မူ၏၊" ဟု ဟောလော့။ |
| ၆၉။ | اللَّهُ يَحْكُمُ بَيْنَكُمْ يَوْمَ الْقِيَامَةِ فِيمَا كُنتُمْ فِيهِ تَخْتَلِفُونَ<br>သင်တို့၏ ထို ကွဲလွဲမှုများကို မြဲမြံတည်တံ့သော နေ့ကာလ၌ ပရမတ်ဘုရားရှင်သည် သင်တို့အကြား အဆုံးအဖြတ်ပေးလိမ့်မည်။ |
| ၇၀။ | أَلَمْ تَعْلَمْ أَنَّ اللَّهَ يَعْلَمُ مَا فِي السَّمَاء وَالْأَرْضِ إِنَّ ذَلِكَ فِي كِتَابٍ إِنَّ ذَلِكَ عَلَى اللَّهِ يَسِيرٌ<br>မိုးများနှင့် မြေကမ္ဘာတွင်း ရှိသမျှအား ပရမတ်ဘုရားရှင်က သိနေတော်မူကြောင်း သင် သိပြီ မဟုတ်လော၊ ကေန်ပင် ယင်းသည် မှတ်တမ်းတစ်ခုအဖြစ် ရှိ၏။ ကေန်ပင် ယင်းသည် ပရမတ်ဘုရားရှင်အဘို့၌ လွယ်ကူလှချေ၏။ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

၇၁။ وَيَعْبُدُونَ مِن دُونِ اللَّهِ مَا لَمْ يُنَزِّلْ بِهِ سُلْطَانًا وَمَا لَيْسَ لَهُم بِهِ عِلْمٌ وَمَا لِلظَّالِمِينَ مِن نَّصِيرٍ

သူတို့သည် ပရမတ်ဘုရားရှင်အား တုပြိုင်၍၊ ၎င်းနှင့်စပ်လျဉ်း၍ သြဇာအာဏာ ချမှတ်ပေးထားခြင်း မရှိသော အရာများကို ကိုးကွယ်နေကြ၏။ သူတို့၌ ၎င်းနှင့်ပတ်သက်၍ အသိပညာ လုံးဝ မရှိချေ။ အဓိဋ္ဌာကောင်များအား ကူညီမည့်သူလည်း မရှိချေ။

၇၂။ وَإِذَا تُتْلَى عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ تَعْرِفُ فِي وُجُوهِ الَّذِينَ كَفَرُوا الْمُنكَرَ يَكَادُونَ يَسْطُونَ بِالَّذِينَ يَتْلُونَ عَلَيْهِمْ آيَاتِنَا قُلْ أَفَأُنَبِّئُكُم بِشَرٍّ مِّن ذَلِكُمُ النَّارُ وَعَدَهَا اللَّهُ الَّذِينَ كَفَرُوا وَبِئْسَ الْمَصِيرُ

ငါ၏ ရှင်းလင်းသော သုတ်ဒေသနာများကို သူတို့အား ရွတ်ဖတ်ပြသောအခါ၊ ဖုံးကွယ်သူတို့၏ မျက်နှာ၌ ရှုံ့မဲ့မှုကို သင်သတိထားမိနိုင်၏၊ ငါ၏ သုတ်ဒေသနာများကို သူတို့အား ဖတ်ပြသူအား သတ်ဖြတ်တော့မလို ပြု၏၊ ဟောကြားလော့ “ဤထက် ပိုဆိုးသော အပူမီး၏ အကြောင်းကို သင်တို့အား ဆင့်ပြန်ရဦးမည်လော၊ ပရမတ်ဘုရားရှင်သည် ၎င်းကို ဖုံးကွယ်သူတို့အတွက် ကတိပြုထား၏၊ ဆိုးဝါးလှသော ခရီးပန်းတိုင်ပင် ဖြစ်၏။

၇၃။ يَا أَيُّهَا النَّاسُ ضُرِبَ مَثَلٌ فَاسْتَمِعُوا لَهُ إِنَّ الَّذِينَ تَدْعُونَ مِن دُونِ اللَّهِ لَن يَخْلُقُوا ذُبَابًا وَلَوِ اجْتَمَعُوا لَهُ وَإِن يَسْلُبْهُمُ الذُّبَابُ شَيْئًا لَّا يَسْتَنقِذُوهُ مِنْهُ ضَعُفَ الطَّالِبُ وَالْمَطْلُوبُ

အို လူသားတို့၊ ဥပမာ နည်းလမ်းပေးအံ့၊ ၎င်းကို ကြားနာကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်အား တုပြိုင်လျက် သင်တို့ ဆုတောင်းနေကြသော အရာများသည်၊ သူတို့အားလုံးစုပေါင်း သော်ငြားလည်း ယင်ကောင်တစ်ကောင်ကို သော်မျှ မဖြစ်တည်စေနိုင်ပေ။ ထိုယင်ကောင်သည် သူတို့ထံမှ တစ်စုံတစ်ခုအား ချီသွားသော်လည်း ၎င်းကို ထို(ယင်ကောင်)မှ သူတို့ ပြန်မရယူနိုင်ချေ။ ဆည်းကပ်ပူဇော်သူနှင့် ဆည်းကပ်ပူဇော်ခံတို့မှာ ချိနဲ့လှချေ၏။

၇၄။ مَا قَدَرُوا اللَّهَ حَقَّ قَدْرِهِ إِنَّ اللَّهَ لَقَوِيٌّ عَزِيزٌ

ပရမတ်ဘုရားရှင်အား မှန်ကန်သော ထောက်ချင့်မှုဖြင့် ထောက်ချင့်ကြသည် မဟုတ်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် တန်ခိုးတော်အရှင်၊ ဘုန်းတော်ရှင် ဖြစ်တော်မူ၏။

၇၅။ اللَّهُ يَصْطَفِي مِنَ الْمَلَائِكَةِ رُسُلًا وَمِنَ النَّاسِ إِنَّ اللَّهَ سَمِيعٌ بَصِيرٌ

☆ ပရမတ်ဘုရားရှင်သည် နိမိတ်တော်ဆောင်များနှင့်☆ လူသားတို့မှ ဥာဏ်စဉ်တော်ဆောင်ကို ရွေးကောက်တော်မူ၏။

၂း၃၀ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် မြင်နေသော အရှင် ဖြစ်တော်မူ၏။

၇၆။ يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَإِلَى اللَّهِ تُرْجَعُ الأُمُورُ

အရှင်သည် သူတို့၏ အတိတ် အနာဂါတ်ကို သိနေတော်မူ၏။ အရေးအရာ အားလုံးစုဆုံရာသည် ပရမတ်ဘုရားရှင်၏ ထံသို့သာ ဖြစ်၏။

၇၇။ يَا أَيُّهَا الَّذِينَ آمَنُوا ارْكَعُوا وَاسْجُدُوا وَاعْبُدُوا رَبَّكُمْ وَافْعَلُوا الْخَيْرَ لَعَلَّكُمْ تُفْلِحُونَ

အို ယုံကြည်သောသူတို့၊ ဦးညွတ်ကြလော့၊ ဦးချကြလော့၊ သင်တို့၏ ကံကြမ္မရှင်အား ကိုးကွယ်ဆည်းကပ်ကြလော့၊ သင်တို့အတွက် အောင်မြင်ပေါက်မြောက်အံ့ငှာ ကောင်းမြတ်မှုများကို ကျင့်ကြံကြကုန်လော့။

၇၈။ وَجَاهِدُوا فِي اللَّهِ حَقَّ جِهَادِهِ هُوَ اجْتَبَاكُمْ وَمَا جَعَلَ عَلَيْكُمْ فِي الدِّينِ مِنْ حَرَجٍ مِّلَّةَ أَبِيكُمْ إِبْرَاهِيمَ هُوَ سَمَّاكُمُ الْمُسْلِمِينَ مِن قَبْلُ وَفِي هَذَا لِيَكُونَ الرَّسُولُ شَهِيدًا عَلَيْكُمْ وَتَكُونُوا شُهَدَاء عَلَى النَّاسِ فَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَاعْتَصِمُوا بِاللَّهِ هُوَ مَوْلَاكُمْ فَنِعْمَ الْمَوْلَى وَنِعْمَ النَّصِيرُ

မှန်ကန်သော ရုန်းကန်မှုဖြင့် ပရမတ်ဘုရားရှင် အတွက် ရုန်းကန်လှုပ်ရှားကြလော့၊ အရှင်သည် သင်တို့အား ရွေးချယ်တော်မူပြီ၊ သာသနာရေး၌ သင်တို့အား ခဲယဉ်းခြင်းကို စီမံတော်မမူချေ၊ သင်တို့၏ ဘဘိုး အီဗရာဟီးမ်၏ ကျင့်စဉ်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | အတိုင်းဖြစ်၏။ အရှင်သည် ရှေးယခင်ကပင် သင်တို့အား ငြိမ်းချမ်းရေးဝါဒီများဟု အမည်ကင်ပွန်းတပ်ပေး၏။ ယင်းမှာ ဥဏ်စဉ်တော်ဆောင်သည် သင်တို့အတွက် သက်သေဖြစ်အံ့သောငှာ၊ သင်တို့သည် လူသားများအတွက် သက်သေဖြစ်အံ့သောငှာ ဖြစ်၏။ မေတ္တာဓိဌာန် မြဲမြံကြလော့၊လူမှုဖူလုံကြေး ပေးကြလော့၊ ပရမတ်ဘုရားရှင်၌ မြဲစွာဆည်းကပ်ကြလော့၊ အရှင်သည် သင်တို့၏ ကွပ်ကဲသူ၊ ဂုဏ်ရှိသော နာယက၊ ဂုဏ်ရှိသော ကူညီသူ ဖြစ်၏။[၇၂၅] |

(၇၂၅) ဤသုတ်တော်မှ **"ဟုဝ ဆမ္မာကုမုလ် မုဆ်လိမီးန်"** ဟူသည်ကို အချို့သော ဆရာတော်များက "သူသည် ယခင်ကပင် သင်တို့အား မူဆလင် ဟု အမည်ပေး၏၊" ဟု ပြန်ဆိုကြသည်မှာ မမှန်ကန်ပေ။ ထိုစာသားအရ မူလဆင် ဟူသော အမည်နာမကို ကိုယ်တော် အီဗရာဟီးမ်က ပေးခဲ့သယောင် ဖြစ်နေပေသည်။ မူဆလင် ဟူသော အမည်နာမကို အလ္လာဟ် ကသာ ပေးခဲ့ခြင်း ဖြစ်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com